# (၁၄) ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲကြေငြာစာတမ်း

ကျွန်ုပ်တို့၊ အာဆီယံအဖွဲ့ဝင်ဖြစ်ကြသော ဘရူနိုင်းဒါရုဆလင်နိုင်ငံ၊ ကမ္ဘောဒီးယားဘုရင်နိုင်ငံ၊ အင်ဒိုနီးရှား သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံ၊ ထိုင်းဘုရင့်နိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ ကျန်းမာရေးဝန်ကြီးများသည် မိမိနိုင်ငံကို ကိုယ်စားပြုခြင်းအားဖြင့် ခရစ်သက္ကရာဇ် ၂၀၁၉ခုနှစ်၊ ဩဂုတ်လ(၂၉)ရက်နေ့တွင် ကမ္ဘောဒီးယားနိုင်ငံ၊ ဆီရမ်ရီမြို့၌ တွေ့ဆုံခဲ့ကြပြီ။

ခရစ်နှစ် ၂၀၁၅ခုနှစ်၊ နိုဝင်ဘာလအတွင်း၌ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် ကျင်းပခဲ့သော (၂၇) ကြိမ်မြောက် အာဆီယံ ညီလာခံတွင် ချမှတ်ကြေငြာခဲ့သော "အာဆီယံအသိုက်အဝန်းထူထောင်ရေးဆိုင်ရာ ကွာလာလမ်ပူကြေငြာစာတမ်း" နှင့် "အာဆီယံ ၂၀၂၅ အတူတကွဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များအနက် အာဆီယံခေါင်းဆောင်များ၏ မျှော်မှန်းချက်များ"ကို ပြန်လည်အမှတ်ရသောအားဖြင့် ခရစ်နှစ် ၂၀၁၅ခုနှစ်တွင် ကျင်းပခဲ့သော (၇၀) ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံတွင် နိုင်ငံခေါင်းဆောင်များမှ သဘောတူညီခဲ့ကြသော "ရေရှည်တည်မြဲသော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အစီအစဉ် ၂၀၃၀" ၌ ပါဝင်သော ကျန်းမာရေးဆိုင်ရာ ခြုံငုံရည်မှန်းချက်ဖြစ်သည့် လူတိုင်းကျန်းမာရေးနှင့် အသက်အရွယ်မျိုးစုံ၏ နေထိုင်မှုအခြေအနေ ပိုမိုကောင်းမွန်စေရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ထပ်မံအတည်ပြုခဲ့ကြပါ၏။

၂၀၁၇ခုနှစ်၊ စက်တင်ဘာလ(၆)ရက်နေ့တွင် ဘရူနိုင်းဒါရုဆလင်နိုင်ငံ၊ ဘန်ဒါစီရီဘီဂါဝန်မြို့တွင် ကျင်းပခဲ့သော(၁၃)ကြိမ်မြောက် အာဆီယံ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေး၏ "ကျန်းမာသောအာဆီယံအသိုက်အဝန်းဆီသို့ အတူတကွ" ရည်မှန်းချက်နှင့် အညီ

- ကဏ္ဍာပေါင်းစုံပါဝင်သော (၁)ပဋိဇီဝဆေးဝါးယဉ်ပါးမှုတိုက်ဖျက်ရေးအတွက် "တစ်ခုတည်းသောကျန်းမာရေး "နည်းလမ်း၊ (၂) အာဟာရချို့တဲ့မှုပုံစံအားလုံး ပပျောက်ရေးနှင့် (၃) ဘေးအန္တရာယ်ဆိုင်ရာ ကျန်းမာရေးစီမံခန့်ခွဲမှုများ နှင့် စပ်လျဉ်းသောအာဆီယံခေါင်းဆောင်များ၏ ကြေငြာစာတမ်းများကို စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေး
- အတည်ပြုခဲ့ပြီးဖြစ်သော အာဆီယံ ကျန်းမာရေးအစုအဖွဲ့ (၄) ခုဖြစ်သော ကျန်းမာသော လူနေမှုပုံစံအဆင့်မြှင့်တင်ရေး၊ ဘေးအန္တရာယ်အားလုံးနှင့် ဖြစ်ပေါ်လာသော ခြိမ်းခြောက်မှုများကိုတုံ့ပြန်ရေး၊ ကျန်းမာရေးစနစ်သန်စွမ်းလာစေရေး၊ စောင့်ရှောက်မှုရရှိနိုင်စေရေးနှင့် အစားအသောက်ဘေးကင်းလုံခြုံရေးဆိုင်ရာ အစုအဖွဲ့များ၏ လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရေးနှင့် ယင်းအစုအဖွဲ့များအောက်ရှိ ကျန်းမာရေး ဦးစားပေးကဏ္ဍ (၂၀) ခုတို့ကို အကောင်အထည်ဖော်ဆောင်ရန် ကတိပြုခဲ့မှုကို အသိအမှတ်ပြုခဲ့ကြပါ၏။

"၂၀၁၅ခုနှစ်နောက်ပိုင်း ကျန်းမာရေးဖွံ့ဖြိုးမှုအစီအစဉ်" နှင့် "အာဆီယံဒေသတွင်းအားလုံးကျန်းမာရေး"လုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်နိုင်ရေးအတွက် အဆင့်မမှီဆေးဝါးများနှင့် ဆေးဝါးအတုများ တိုက်ဖျက်ရေး၊ ရေရှည်တည်မြဲသော ကျန်းမာရေးဆိုင်ရာ ဘဏ္ဍာရေးစနစ်ရရှိစေရေး၊ အာရှပစိဖိတ်ဒေသအတွင်း ဖြစ်ပေါ်လာသောရောဂါများနှင့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများဆိုင်ရာမဟာဗျူဟာကို အသုံးပြု၍ အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးထိန်းချုပ်မှုကို အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် ဝန်ဆောင်မှုအရည်အသွေးမြှင့်တင်နိုင်ရန် ဆန်းသစ်မှုများတိုးမြှင့်နိုင်ရေးများကို ပေါင်းစုံဆွေးနွေးခဲ့ကြပြီး (၁၄) ကြိမ်မြောက် အာဆီယံ ကျန်းမာရေး ဝန်ကြီးများအစည်းအဝေးတွင် အနာဂတ်ကျန်းမာရေးစိန်ခေါ်မှုများနှင့် ရှေ့ဆက် လက်ဆောင်ရွက်ရမည့် ကျန်းမာရေးဖွံ့ဖြိုးမှုအစီအစဉ်များနှင့် ဦးစားပေးကဏ္ဍများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကာ အောက်ပါအတိုင်း သဘောတူညီခဲ့ကြသည်။

၁။ ကျွန်ုပ်တို့သည် "၂၀၁၅ခုနှစ်၊ နောက်ပိုင်း ကျန်းမာရေးဖွံ့ဖြိုးမှု အစီအစဉ်အကောင်အထည်ဖော်ဆောင်ရေး"၏ အသီးအပွင့်များကို လေ့လာအသုံးချ၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ ၂၀၁၆-၂၀၂၀ လုပ်ငန်းအစီအစဉ်၏အောင်မြင်မှုများကို သုံးသပ်၍ အာဆီယံအသိုက်အဝန်း တစ်ခုလုံးနှင့် သက်ဆိုင်ရာအစိုးရအဖွဲ့များ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ၂၀၂၁-၂၀၂၅ လုပ်ငန်းအစီ အစဉ်သစ်နှင့် စီမံကိန်းသစ်များ ရေးဆွဲသွားကြမည်။

၂။ ကျွန်ုပ်တို့သည် ကျန်းမာတက်ကြွသောအိုမင်းခြင်းအတွက် အမျိုးသားအဆင့်နှင့်ဒေသတွင်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကူညီထောက်ပံ့ပေးသော ပတ်ဝန်းကျင်ဖန်တီးကာ တိုးမြှင့်ဆောင်ရွက်ရန် ကတိပြုခဲ့ကြ၏။ ကျွန်ုပ်တို့သည် တက်ကြွသောအိုမင်းခြင်းနှင့် ဆန်းသစ်မှုဆိုင်ရာ အာဆီယံစင်တာထူထောင်၍ ကျန်းမာတက်ကြွသော အိုမင်းခြင်းကဏ္ဍအတွက် အဖွဲ့ဝင်နိုင်ငံများ၊ အခြားနိုင်ငံများနှင့် အခြားမိတ်ဖက်များအကြား အသိပညာနှင့် ဆန်းသစ်မှုများမွေးဖွားရေး၊ တက်ကြွသောအိုမင်းမှုဆိုင်ရာ မူဝါဒများပေါ်ပေါက်စေရန် ထောက်ပံ့ရေးနှင့် အကောင်အထည်ဖော်ဆောင်ရေးအတွက် အရင်းအမြစ်များ တည်ဆောက်ရေး ဆောင်ရွက်သွားရန် သဘောတူခဲ့ကြပါ၏။

၃။ ကျွန်ုပ်တို့သည် မကူးစက်တတ်သောရောဂါများနှင့်စပ်လျဉ်း၍ ပြည်သူလူထု၏ အသိပညာမြှင့်တင်ရေးနှင့် ကျန်းမာသောလူနေမှုဘဝပုံစံမြှင့်တင်ရေး၊ မကူးစက်တတ်သောရောဂါများအတွက် ရေရှည်တည်မြဲသောရန်ပုံငွေရရှိရေး၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ "အကောင်းဆုံးဝယ်ယူမှု" အကောင်အထည်ဖော်ဆောင်ရေးနှင့် နိုင်ငံအလိုက် အကောင်အထည်ဖော်ဆောင်ရေးဆိုင်ရာ ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်ရေး၊ အထူးသဖြင့် မကူးစက်တတ်သောရောဂါများအပေါ် လူမှုစီးပွားရေးဆိုင်ရာလွှမ်းမိုးမှုများနှင့် အာဆီယံအဖွဲ့ကြီး၏ အာဟာရဆိုင်ရာ ၂၀၁၈- ၂၀၃၀ လုပ်ငန်းအစီအစဉ်နှင့် မူဘောင်များအရ အာဟာရ နှင့်ကျန်းမာသောအစားအသောက်များမြှင့်တင်ရေး၊ ကာယဉာဏဆိုင်ရာ ကျန်းမာရေးလုပ်ရှားမှုများမြှင့်တင်ရေး၊ မကူးစက်တတ်သောရောဂါများ စောစီးစွာရှာဖွေသိရှိနိုင်ရေးနှင့် မတော်တဆထိခိုက်

မှုများ ကာကွယ်နိုင်ရေးလုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်နိုင်ရေး သဘောတူညီမှုများကို ထပ်လောင်း ကတိပြုခဲ့ကြပါ၏။

၄။ ထို့အပြင် ကျွန်ုပ်တို့သည် ကူးစက်တတ်သောရောဂါများ၊ အသစ်ဖြစ်ပေါ်လာသောရောဂါများ၊ ပြန်လည်ဦးမော့လာသောရောဂါများနှင့် အခြားပြည်သူ့ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေများကို ကြိုတင်ပြင်ဆင်ခြင်း၊ ကာကွယ်ခြင်း၊ စုံစမ်းသိရှိခြင်းနှင့် တုံ့ပြန်ခြင်းလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရေး ကတိကဝတ်များကိုလည်း ထပ်မံအတည်ပြုခဲ့ကြပါ၏။

၅။ ကျွန်ုပ်တို့သည် အာဆီယံခေါင်းဆောင်မှု၏ ကြေငြာစာတမ်းအတိုင်း ဘေးအန္တရာယ်ဆိုင်ရာ ကျန်းမာရေးစီမံခန့်ခွဲမှု၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် လူသားချင်းစာနာသော အကူအညီများနှင့် ဇီဝခြိမ်းခြောက်မှုများသက်သာစေရေး စသည့်အစီအစဉ်များကို အကောင်အထည် ဖော်ဆောင်နိုင်ရန် အာဆီယံအဖွဲ့ကြီး၏ တစ်ခုတည်းသော တုံ့ပြန်မှုအနေဖြင့် ဆောင်ရွက်ရေးကို ထောက်ခံခဲ့ကြပါ၏။

၆။ ကျွန်ုပ်တို့သည်အာဆီယံခေါင်းဆောင်များ၏ ပဋိဇီဝဆေးယဉ်ပါးမှု တိုက်ဖျက်ရေးဆိုင်ရာ ကြေငြာစာတမ်းနှင့်အညီ လူသား၊ တိရိစ္ဆာန်နှင့် စိုက်ပျိုးရေး၊ ပတ်ဝန်းကျင်ကျန်းမာရေးနှင့် အစားအသောက်ဘေးကင်းလုံခြုံရေးအတွက် အမျိုးသားအဆင့်၊ ဒေသတွင်းအဆင့်နှင့် ကမ္ဘာ့အဆင့် ကျန်းမာရေးလုံခြုံမှုရရှိစေရေးဆိုင်ရာ အာဆီယံမဟာဗျူဟာ တစ်ရပ်အပြီးသတ်ရေးဆွဲနိုင်ရေးအတွက်အာဆီယံအဖွဲ့ကြီးအနေဖြင့်"တစ်ခုတည်းသောကျန်းမာရေးနည်းလမ်း"ဖြင့်ပဋိဇီဝဆေးယဉ်ပါးမှုပြဿနာကိုတိုက်ဖျက်ရန်ထပ်မံသဘောတူညီခဲ့ကြပါ၏။

၇။ ထို့အပြင် ကျွန်ုပ်တို့သည် အဆင့်မမီဆေးဝါးများနှင့် ဆေးဝါးအတုများ တိုက်ဖျက်ရေးဆိုင်ရာ ကျွန်ုပ်တို့၏ ကတိကဝတ်များကိုလည်း ထပ်မံသဘောတူညီခဲ့ကြပါ၏။

၈။ ကျွန်ုပ်တို့သည် ဝေးလံဒေသများအထိ ဘေးကင်းလုံခြုံထိရောက်၍ ဆေးနှုန်းသင့်တင့်သော အဆင့်မီဆေးဝါးများရရှိနိုင်ရန်အတွက် ထိရောက်ကျယ်ပြန့်သော ဖြန့်ဝေမှုစနစ်တစ်ရပ်တည်ဆောက်ထိန်းသိမ်းရေး၊ ဒေသတွင်းနိုင်ငံများအကြား အဆင့်မမီဆေးဝါးများနှင့် ဆေးဝါး

အတုများပပျောက်ရေးအတွက် ကာကွယ်စုံစမ်းတုံ့ပြန်ခြင်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးများအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့်အတူ အာဆီယံလုပ်ငန်းစီမံကိန်းတစ်ရပ် အပြီးသတ်ရေးဆွဲနိုင်ရေးကို ထောက်ပံ့သွားကြပါမည်။ ကျွန်ုပ်တို့သည် အဆင့်မမီဆေးဝါးများနှင့် ဆေးဝါးအတုများတိုက်ဖျက် ရေးဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေးအယူအဆများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အာဆီယံဒေသအတွင်းသာမက ပိုမိုကျယ်ပြန့်စွာ အမြင်ချင်းဖလှယ်၍ တိုးချဲ့ဆောင်ရွက်သွားပါမည်။ ထို့အပြင် ကျွန်ုပ်တို့သည် ကမ္ဘောဒီးယားနိုင်ငံ၊ ဖနောင်ပိန်မြို့တွင် ၂၀၂၂ခုနှစ်၌ ကျင်းပသွားမည့် (၁၃) ကြိမ်မြောက် အာရှ–ဥရောပညီလာခံအတွင်း အဆင့်မမီဆေးဝါးများနှင့် ဆေးဝါးအတုများဆိုင်ရာ လုပ်ငန်းအစီအစဉ်များနှင့် တိုးမြှင့်ပူးပေါင်းဆောင်ရွက်မှုများကို အသိပေးတင်ပြသွားရန် ကတိပြုကြပါ၏။

၉။ ကျွန်ုပ်တို့သည် အာဆီယံဒေသတွင်း အစားအသောက်ဘေးကင်းလုံခြုံရေးဆိုင်ရာဆန်းစစ်မှုဌာန၏အကူအညီဖြင့် ဒေသတွင်း အစားအသောက် ဘေးကင်းလုံခြုံမှုအတွက် ဆန်းစစ်ချက်များ၏ အရေးပါမှုကို သိရှိထောက်ခံကြောင်း ဒေသတွင်း အတူပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ထပ်မံကတိပြုခဲ့ကြပါ၏။

၁၀။ ကျွန်ုပ်တို့သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အားလုံးလွှမ်းခြုံသော ကျန်းမာရေးစောင့်ရှောက်မှုရရှိရေးအတွက် ကနဦးကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ရေး၊ ကျန်းမာရေးလုပ်သားများ၏ စွမ်းရည်မြှင့်တင် တည်ဆောက်ရေး၊ ကျန်းမာရေးဌာနများတွင် စရိတ်နှင့်အညီ ထိရောက်သောဆောင်ရွက်မှုများနှင့် အဓိကဆေးဝါးများ အချိန်မီရရှိစေရေး တို့ကိုလည်း သေချာစေရန် ကတိပြုခဲ့ကြပါ၏။

၁၁။ ကျွန်ုပ်တို့သည် ကမ္ဘောဒီးယားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၁၈ခုနှစ်နှင့် ၂၀၁၉ခုနှစ်အတွင်းဦးဆောင်မှုဖြင့် ၂၀၁၅ခုနှစ်နောက်ပိုင်း အာဆီယံကျန်းမာရေးဖွံ့ဖြိုးမှု အစီအစဉ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများနှင့် အာဆီယံကျန်းမာရေးဆိုင်ရာအစုအဖွဲ့များနှင့် အာဆီယံကျန်းမာရေးဖွံ့ဖြိုးတိုးတက် မှုဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ၏ ပူးပေါင်းဆောင်

ရှက်ခဲ့မှုများကိုလည်း အသိအမှတ်ပြုခဲ့ကြပြီး လာမည့်ကာလအတွင်း အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ ဦးဆောင်မှုများကိုလည်း စောင့်ကြိုခဲ့ကြပါ၏။

၁၂။ ကျွန်ုပ်တို့သည် အာဆီယံကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအား အောက်ဖော်ပြပါလုပ်ငန်းများကို ဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့ပါသည်။

(က) အဆင့်မမှီဆေးဝါးများနှင့် ဆေးဝါးအတုများတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်ကို အပြီးသတ်ရေးဆွဲနိုင်ရေး၊ ၂၀၂၀ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည့် (၁၃) ကြိမ်မြောက် အာရှ- ဥရောပညီလာခံတွင် သက်ဆိုင်ရာ အဖွဲ့အစည်းများထံ အသိပေးတင်ပြရေးနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်ရေး

(ခ) ဆက်လက်ဖော်ဆောင်သွားမည့် (၂၀၂၁-၂၀၂၅) အစီအစဉ်ကို ထောက်ပံ့နိုင်ရန် ၂၀၁၅ခုနှစ်နောက်ပိုင်း အာဆီယံကျန်းမာရေးဖွံ့ဖြိုးမှု အစီအစဉ်အကောင်အထည်ဖော်ဆောင်မှုများ၊ ကျန်းမာရေးဆိုင်ရာ ကြေငြာချက်များအကောင်အထည်ဖော်ဆောင်ရာတွင် ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်မှုများ၏ အားနည်းချက်၊ အားသာချက်များကို ထိရောက်စွာသုံးသပ်ရန် ပံ့ပိုးကူညီပေးရေး

၁၃။ ကျွန်ုပ်တို့သည် အာဆီယံကျန်းမာရေးကဏ္ဍကြီး၏ ပူးပေါင်းဆောင်ရွက်ရေးမူဝါဒနှင့်အညီ မိတ်ဖက်အဖွဲ့အစည်းများနှင့် မိတ်ဖက်နိုင်ငံများ၏ ပူးပေါင်းပါဝင်ထောက်ပံ့မှုများကို အသိအမှတ်ပြု ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ခဲ့ပါ၏။

၂၀၂၁ခုနှစ်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ ကျင်းပမည့်အစည်းအဝေးများတွင် ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အမြင်ချင်း ဖလှယ် ပူးပေါင်းဆောင်ရွက်သွားကြပါမည်။